**ပထမဆုံးအကြိမ် ကော်သူးလေတစ်ခုလုံးဆိုင်ရာကျေးရွာပိုင်ဘုံသစ်တော နီးနှောဖလှယ်ပွဲထုတ်ပြန်ကြေငြာချက်**

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ ၄ ရက်

ကော်သူးလေတစ်ခုလုံးဆိုင်ရာ ကျေးရွာပိုင်ဘုံသစ်တော ပထမဆုံးအကြိမ်နီးနှောဖလှယ်ပွဲကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ ပိတခကျေးရွာတွင် ကျင်းပခဲ့ပါသည်။ နီးနှောဖလှယ်ပွဲတွင် ဌာနေ တိုင်းရင်းသားများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကော်သူးလေဗဟို၊ ခရိုင်၊ မြို့နယ်သစ်တောဌာနနှင့် ကျေးရွာလူထုပိုင်ဘုံသစ်တော ကော်မတီမှကိုယ်စားလှယ်များ၊ အားလုံးစုစုပေါင်းလူဦးရေ (၂၄၄) ဦးတက်ရောက်ခဲ့ကြသည်။

ယခုပြုလုပ်သည့်နီးနှောဖလှယ်ပွဲတွင် ခရိုင်တစ်ခုချင်းစီ၏ ကျေးရွာပိုင်ဘုံသု စ်တောများစီမံအုပ်ချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး တစ်ဖွဲ့ချင်းအလိုက်ဆွေးနွေးနီးနှောဖလှယ်ခြင်းနှင့်အတူ လေ့လာသင်ယူမှုများကို ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံတကာရှိ ဌာနေတိုင်းရင်းသားများဆောင်ရွက်နေသော ကျေးရွာလလူထုပိုင်ဘုံသစ်တောများထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ နည်းလမ်းများကို ကော်သူးလေနယ်မြေအတွင်းရှိဌာနေတိုင်းရင်းသားများက လေ့လာသင်ယူခဲ့သလို မိမိတို့၏ဒေသနှင့်လိုက်လျောညီထွေသည့် စီမံအုပ်ချုပ်မှုပုံစံများကို လေ့လာသင်ယူခဲ့သည်။

ကျေးရွာပိုင်ဘုံသစ်တောကိုဖွဲ့စည်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ ရိုးရာဓလေ့ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ဒေသခံလူထု၏ စားဝတ်နေရေး၊ ကောင်းမွန်သောဒေသတွင်းအုပ်ချုပ်ရေးစနစ်အားကောင်းရေး၊ လူထုတစ်ရပ်လုံးကိုအကျိုးပြုနိုင်သော လက်တွဲပူးပေါင်းလုပ်ဆောင်မှုအားကောင်းစေရေး၊ စသည်တို့အတွက် မည်သို့အကျိုးပြုကြောင်းကို နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသောကိုယ်စားလှယ်များက ၎င်းတို့၏အတွေ့အကြုံများ တင်ပြဆွေးနွေးဖလှယ်ခဲ့ကြသည်။

၎င်းအပြင် ကျေးရွာပိုင်ဘုံသစ်တောဆိုင်ရာအားနည်းချက်၊ အားသာချက်များ၊ အခွင့်အရေး၊ စိန်ခေါ်မှုများနှင့်အတူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလူမှုအကျိုးပြုမှု၊ ရိုးရာဓလေ့နှင့်စီးပွားရေးဆိုင်ရာတိုးတက်ဖြစ်ထွန်းနိုင်မှုများအပေါ်ပြန်လည်သုံးသပ်ပြီး ကျေးရွာပိုင်ဘုံသစ်တောဆိုင်ရာ ရှေ့လုပ်ငန်းစဉ် (၁၈) ရပ်ကို အတူတကွချမှတ်ခဲ့ကြသည်။

ကော်သူးလေခရိုင်နှင့် မြို့နယ်အသီးသီးမှ ၂၀၁၁ ခုနှစ်မှစပြီး ၂၀၁၉ ခုနှစ်အထိ ခရိုင် (၇) ခရိုင်တွင် စုစုပေါင်းဧရိယာ ၂၄၄,၅၈၈.၀၃ ဧကရှိ ကျေးရွာပိုင်ဘုံသစ်တော (၁၅၁) ခု ဖွဲ့စည်းတည်ထောင်ထားရှိပြီးဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ အစိုးရ၏ မြေယာနှင့်သစ်တောဥပဒေများ၊ အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်း၊ စီးပွားရေးစီမံကိန်းများနှင့်အမျိုးသားဥယျာဉ်၊ ကြိုးပြင်ကာကွယ်တောစသည့် ထိန်းသိမ်းသစ်တောနယ်မြေတိုးချဲ့ ဖွဲ့စည်းမှုအစီအစဉ်များသည် ဒေသခံဌာနေလူထုတို့၏ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးရွာလူထုပိုင်ဘုံသစ်တောစီမံအုပ်ချုပ်မှုစနစ်ကို ကြီးမားစွာခြိမ်းခြောက်နေသည်။

မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးကို ချောမွေ့စွာဖေါ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကျွန်ုပ်တို့ဌာနေတိုင်းရင်းသားများနှင့် ကျွန်ုပ်တို့၏အခွင့်အရေးများကိုလေးစားရမည်။ ထို့အပြင်ဒေသခံပြည်သူလူထုများနှင့်တိုင်ပင်ညှိနှိုင်းမှုမရှိဘဲ တဖက်သတ်ဖော်ဆောင်နေသည့် ၎င်းတို့၏မြေယာ၊ သစ်တောဆိုင်ရာ ဥပဒေရေးဆွဲပြဌာန်းမှုများနှင့် အမျိုးသားဥယျာဉ်၊ ကြိုးပြင်ကာကွယ်တော၊ စသည့် သဘာဝထိန်းသိမ်းရေးသစ်တောများတိုးချဲ့ ဖွဲ့စည်းမှုများသည် ဒေသခံဌာနေပြည်သူများ၏အသက်မွေးဝမ်းကြောင်းနှင့် ကျေးရွာလူထုပိုင်ဘုံသစ်တောလုပ်ငန်းများကို ကြီးမားစွာထိခိုက်နေသည်။ ထို့ကြောင့် အဆိုပါ ဥပဒေများနှင့်စီမံကိန်းများကို မြန်မာနိုင်ငံအစိုးရမှ ပြန်လည်သုံးသပ်ပြီးဖျက်သိမ်းရန် နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော ကျေးရွာပိုင်ဘုံသစ်တောကိုယ်စားလှယ်များမှ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စွာ တောင်းဆိုလိုက်သည်။

"တို့ကျေးရွာတို့သစ်တောတို့ရဲ့ဘဝ"

ဆက်သွယ်ရန် -
ပထမဆုံးအကြိမ်ကော်သူးလေတခုလုံးဆိုင်ရာကျေးရွာလူထုပိုင်ဘုံသစ်တောနီးနှောဖလှယ်ပွဲဖြစ်မြောက်ရေးကော်မတီ
(၁) နော်နေးဆယ်ဖေါ - ၀၉၇၈၀၄၈၈၂၂ (ကရင်ဘာသာ)
(၂) စောရဲမဲ - ၀၉၇၉၂၀၄၄၁၃၁ (ကရင်၊ မြန်မာဘာသာ)
(၃) စောကဲဒို - ၀၉၄၅၃၂၈၁၆၂၉ (ကရင်၊ မြန်မာဘာသာ)